**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး**
**ဝါရှင်တန်မြို့**

## ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများအတွက် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အသိပေးကြေညာချက်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင် ရောက်ရှိနေသူများအနက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်၍ ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွှတ်တော်အသီးသီးတွင် လွှတ်တော်ကိုယ်စားလှယ် လစ်လပ်နေသော အောက်ဖော်ပြပါ မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲများကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၈-၅-၂၀၁၈ ရက်နေ့တွင် ကြေညာချက်အမှတ်၊ ၆၀/၂၀၁၈ ဖြင့် သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည် -

| **လစ်လပ်ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ** | | **အကျုံးဝင်သောမြို့နယ်များ** |
| --- | --- | --- |
| (၁) | ကန်ပက်လက်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | ကန်ပက်လက် |
| (၂) | လဲချားမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | လဲချား |
| (၃) | တာမွေမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | တာမွေ |
| (၄) | မြင်းခြံမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် | မြင်းခြံ |

| **လစ်လပ်အမျိုးသားလွှတ်တော်မဲဆန္ဒနယ်များ** | | **အကျုံးဝင်သောမြို့နယ်များ** |
| --- | --- | --- |
| (၁) | ကချင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | မြစ်ကြီးနား |

| **လစ်လပ်တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်များ** | | **အကျုံးဝင်သောမြို့နယ်များ** |
| --- | --- | --- |
| (၁) | မတူပီမြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | မတူပီ |
| (၂) | တမူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | တမူး |
| (၃) | အုတ်တွင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | အုတ်တွင်း |
| (၄) | သပိတ်ကျင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁) | သပိတ်ကျင်း |
| (၅) | ရသေ့တောင်မြို့နယ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | ရသေ့တောင် |
| (၆) | မင်းဘူးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | မင်းဘူး |
| (၇) | ဆိပ်ကမ်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) | ဆိပ်ကမ်း |
| (၈) | မန္တလေးတိုင်းဒေသကြီးလွှတ်တော်၊ ရှမ်းတိုင်းရင်းသားလူမျိုး မဲဆန္ဒနယ် | မန္တလေး |

၂။ အဆိုပါကြားဖြတ်ရွေးကောက်ပွဲများအတွက် လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ-၄၇ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် အမေရိကန် ပြည်ထောင်စုတွင် ရောက်ရှိနေထိုင်သူမြန်မာနိုင်ငံသားများအနက် အထက်ဖော်ပြပါ လစ်လပ်မဲဆန္ဒ နယ်များနှင့် အကျုံးဝင်သောမြို့နယ်များတွင် နေထိုင်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများ အနေဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့် ရှိသူများနှင့်ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ (ပုံစံ-၁၅) အား မိမိတို့နေထိုင်သည့် ကောင်စစ်နယ်မြေများ အလိုက် သက်ဆိုင်ရာမြန်မာသံရုံး/ မြန်မာအမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန် ချုပ်ရုံးတို့သို့ ပေးပို့ရန်လိုအပ်မည်ဖြစ်ပါသည်။ **(မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန် ချုပ်ရုံးများ၏ ကောင်စစ်နယ်မြေများခွဲဝေသတ်မှတ်မှုဇယားအား ပူးတွဲ (က)အဖြစ် ဖော်ပြအပ်ပါသည်)**

၃။ သို့ပါ၍၊ ဝါရှင်တန်မြို့၊ မြန်မာသံရုံး၏ ကောင်စစ်နယ်မြေများအတွင်းနေထိုင်လျက်ရှိကြသော မဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားများအနက် အပိုဒ်(၁)ပါ လစ်လပ်မဲဆန္ဒနယ်များနှင့် အကျုံးဝင်သည့် မြို့နယ်များတွင်နေထိုင်သူများအနေဖြင့် ကြိုတင်ဆန္ဒမဲပေးလိုပါက **ပုံစံ(၁၅)** အား ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ Website https://uecmyanmar.org မှလည်းကောင်း၊ မြန်မာသံရုံး http://mewashingtondc.org ရှိ Recent Embassy Announcements မှလည်းကောင်း၊ ရယူနိုင်ပါသည်။ **ယင်းပုံစံ(၁၅)အား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်၍ သက်တမ်းရှိ မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ၊ ကြားဖြတ်ရွေးကောက်ပွဲများကျင်းပပြုလုပ်ရန် အကျုံးဝင်သော မြို့နယ်များတွင် နေထိုင်ကြသူများသာ ကြိုတင်မဲဆန□ဒပေးရန် အကျုံးဝင်သည့်အတွက် အိမ်ထောင်စုစာရင်း(မိတ္တူ)** တို့နှင့်အတူ မြန်မာသံရုံး (2300 S Street, N.W. Washington, D.C. 20008)သို့ လူကိုယ်တိုင် သော်လည်းကောင်း၊ စာတိုက်မှသော်လည်းကောင်း၊ မြန်မာသံရုံး၏ အီးမေးလ်လိပ်စာ myanmaremb2015@gmail.com သို့လည်းကောင်း ၉-၇-၂၀၁၈ ရက်နေ့ အရောက် နောက်ဆုံးထား၍ ပေးပို့ပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါရက်နေ့ နောက်ပိုင်း ရောက်ရှိလာသည့် ပုံစံ(၁၅)များကိုမူ လက်ခံဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါကြောင်း တစ်ပါတည်း အသိပေး ဖော်ပြအပ်ပါသည်။

၄။ ကြိုတင်ဆန္ဒမဲပေးမည့် မဲဆန္ဒရှင်များအနေဖြင့် ကြိုတင်မဲပေးခွင့်ရရှိရန် ပုံစံ(၁၅) ပါ အချက်များကို ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ပေးရန်နှင့် ပုံစံ(၁၅)၏ အမှတ်စဉ်(၈)ပါ ပြည်ပလိပ်စာအား အင်္ဂလိပ်ဘာသာဖြင့် ဖြည့်စွက်ပေးရန် လိုအပ်ပါကြောင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်များအား လိုအပ်သည်များ အသိပေးဆက်သွယ်ရန်နှင့် ပုံစံ(၁၅)များ လက်ခံရရှိမှု အခြေအနေကို ပြန်ကြားနိုင်ရန် လက်ရှိနေထိုင်လျက်ရှိသော လိပ်စာ၊ အီးမေးလ်လိပ်စာနှင့် တယ်လီဖုန်းအမှတ်တို့အားလည်း ထည့်သွင်းဖော်ပြပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်

ပုံစံ (၁၅)

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
# သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့် ပတ်သက်၍ ဖြည့်သွင်းရန်ပုံစံ

[ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) ]

ဥက္ကဋ္ဌ

-------------------- မြို့နယ်ကော်မရှင်အဖွဲ့ခွဲ

ကျွန်တော်/ကျွန်မ ------------------------------ သည် ------------------------------ ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်တွင် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေမည် ဖြစ်ပါသည်။ ကျွန်တော်/ကျွန်မအားကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ကျွန်တော်/ကျွန်မနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြ တောင်းဆိုအပ်ပါသည် -

(၁) တောင်းဆိုသူ၏ အမည် ----------------------------------------------

(၂) တိုင်းရင်းသားလူမျိုး ----------------------------------------------

(၃) မှတ်ပုံတင်အမှတ် ----------------------------------------------

(၄) မွေးသက္ကရာဇ် (အသက်) ----------------------------------------------

(၅) အဘအမည် ----------------------------------------------

(၆) အမိအမည် ----------------------------------------------

(၇) *တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာ- အမှတ်( )
------------- လမ်း/ကျေးရွာ -------------- ရပ်ကွက်/ကျေးရွာအုပ်စု၊
----------------မြို့နယ်၊ ------------------ တိုင်းဒေသကြီး/ပြည်နယ်

(၈) **တောင်းဆိုသူ ယခုရောက်ရှိနေသည့် ------------------------------
နေရပ်/ဌာန (ပြည်တွင်း/ပြည်ပ) ----------------------------------------
ခွဲခြားဖော်ပြရန်၊

တောင်းဆိုသူ၏လက်မှတ်

ရက်စွဲ၊ -------------------------

* တောင်းဆိုသူ၏ အမြဲတမ်းနေရပ်လိပ်စာသည် ယခုတောင်းခံသည့် မဲဆန္ဒနယ် အတွင်း ဖြစ်ရမည်။

** ပြည်တွင်းတွင် ရောက်ရှိနေသည့် မြို့နယ်အမည် ဖော်ပြရန်။
ပြည်ပတွင် ရောက်ရှိနေသည့် နိုင်ငံအမည်နှင့် မြို့အမည်ကို မြန်မာ(သို့) အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြရန်။

**ပူးတွဲ (က)**

မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ မြန်မာကောင်စစ်ဝန်ချုပ်တို့၏
ကောင်စစ်နယ်မြေများခွဲဝေသတ်မှတ်မှုအခြေပြဇယား

| မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံး နှင့် ပုံစံ(၁၅)ပေးပို့ရမည့်လိပ်စာနှင့်အီးမေးလ် | ကောင်စစ်နယ်မြေများ |
| --- | --- |
| မြန်မာသံရုံး<br>2300 S Street, N.W. Washington, D.C. 20008<br>email: myanmaremb2015@gmail.com<br>Phone: (202) 332 3344, 332 4350 | **Capital:** Washington, D.C.<br>**States:** Alabama, Arkansas, Colorado, Delaware, Florida, Georgia, Idaho, Illinois, Indiana, Iowa, Kansas, Kentucky, Louisiana, Marine, Maryland, Massachusetts, Michigan, Minnesota, Mississippi, Missouri, Montana, Nebraska, New Hampshire, North Carolina, North Dakota, Ohio, Oklahoma, Pennsylvania, Rhode Island, South Carolina, South Dakota, Tennessee, Texas, Utah, Vermont, Virginia, West Virginia, Wisconsin, Wyoming,<br>**Inhabited territories:** Puerto Rico, U.S. Virgin Islands<br>**Country:** Panama |
| မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး<br>10 EAST 77th Street, New York, NY 10075<br>email: pmmyanmarny@gmail.com | **States:** New York, New Jersey, Connecticut<br>**Country:** Jamaica |
| မြန်မာကောင်စစ်ဝန်ချုပ်ရုံး<br>3435, Wilshire Boulevard, Suite 1590, Los Angeles, California 90010<br>email: myancgla@gmail.com<br>Fax: (213) 387 0042 | **States:** Alaska, Arizona, California, Hawaii, New Mexico, Oregon, Nevada, Washington,<br>**Inhabited territories:** American Samoa, Guam, Northern Mariana Islands |